ပြည်ထောင်စုမြန်မာနိုင်ငံတော်
ကမ္မဋ္ဌာနာစရိယ
ဗုဒ္ဓဝါဒီကျောင်းတိုက်များ
၏
မဟာနာယက • သြဝါဒါစရိယ
အရိယာလမ်းပြ၊ နယ်လှည့်သာသနာပြု
( ဓမ္မကထိက )

# [ပင်မ] ဗုဒ္ဓဝါဒီမဟာထေရ်ဆရာတော်

စီစဉ်ရေးသားအပ်သော


# ယောဂီချိန်ခွင်ကျမ်း

(ပင်မ) ဗုဒ္ဓဝါဒီ ဝိပဿနာ ကမ္မဋ္ဌာန်းတိုက်
ကိုးမိုင်၊ ပြည်လမ်း
မဟာရန်ကုန်။ ဖုံး ၆၀၃၀၉

၁၃၃၃-ခု၊ တန်ဆောင်မုန်းလ
ဆဋ္ဌမအကြိမ် ရိုက်နှိပ်ခြင်း
အုပ်ရေ ( ၅၀၀၀ )

၄.၃၆၄
၁၀

[ပင်မ]



ဗုဒ္ဓဝါဒီမဟာယေရ်ဆရာတော်

စိရံ တိဋ္ဌတု သဒ္ဓမ္မော

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

★

# ဆရာ-တပည့် ဓမ္မသာကစ္ဆာခန်း

မောင်ရွှေ(မေး) ယောဂီ-ချိန်ခွင်ဆိုတာ ဘာကိုခေါ်တာလဲ။

ဗုဒ္ဓဝါဒီ (ဖြေ) တရား အားထုတ်သော ယောဂီရဲ့ ခန္ဓာတွေ တရားကို စာနဲ့ညှိပြတဲ့ကျမ်းကို ခေါ်ပါတယ်။

မောင်ရွှေ(မေး) ဘာတရားတွေ ကျင့်ကြံအားထုတ်နေသလဲ။

ဗုဒ္ဓဝါဒီ (ဖြေ) ခန္ဓာကိုယ်ပေါ်မှာ အလိုလို သူ့ဘာသာ အလျောက် ပေါ်ပေါက် လာတဲ့ (ဓာတ်-ကလာပ်-ရုပ်-နာမ်-ဖြစ်-ပျက်)ကို ကျင့်ပြီးတော့ ကြံနေရပါတယ်။

မောင်ရွှေ(မေး) တရားကို ကျင့်ရုံနဲ့ မပြီးဘူးလား။

ဗုဒ္ဓဝါဒီ (ဖြေ) တရားကို ကျင့်နေတာက(သမ္မာဒိဋ္ဌိ)ပါ၊ ကြံရတာက (သမ္မာသင်္ကပ္ပ) ဘုရားရှင် နှစ်ပိုင်း ခွဲပြပါတယ်။

မောင်ရွှေ(မေး) တရားပြဆရာက- တရားဆိုပြီး ထိုင်ခိုင်းတယ်၊ နို့ပြီး အပါယ်တံခါးပိတ်ပါပြီတဲ့ ဟုတ်ကဲ့လား။

ဗုဒ္ဓဝါဒီ (ဖြေ) တရားပြဆရာက - အပါယ်တံခါး ပိတ် - မပိတ် သူ ဘယ်လိုသိနေသလဲ။

မောင်ရွှေ(မေး) မပြောတတ်ပါ၊နွားမလည်တော့ သူပြောသမျှ ယုံနေရတာဘဲ၊ နို-ဘယ်လိုလုပ်ရမှာလဲ။

ဗုဒ္ဓဝါဒီ (ဖြေ) အပါယ် တံခါး ပိတ် - မပိတ် ချိန်ခွင်)မှာ တင်စက်ကြည့်၊ မှန်ရင် အပါယ်တံခါး ပိတ်ပြီ၊ သဘောပေါက်ရဲ့လား။

မောင်ရွှေ(မေး) မသိလို့ ပြောပြပါ၊ (ချိန်ခွင်) ဆိုတာ ဘာလဲ၊ ကြေးလား- သံလား- သစ်သားလား၊ ဘာချိန် ခွင်လဲ။

ဗုဒ္ဓဝါဒီ (မေး) ယောဂီ ဈေးဝယ်ဘူးတယ် မဟုတ်လား။

မောင်ရွှေ (ဖြေ) ဈေးတော့ဝယ်ဘူးပါတယ်။

ဗုဒ္ဓဝါဒီ (မေး) ဈေးဝယ်တော့ မချိန်ဘဲ အရမ်းပေးသမျှ ယူ သွားသလား။

မောင်ရွှေ (ဖြေ) ပေးသမျှကို အရမ်းယူမသွားပါ။

ဗုဒ္ဓဝါဒီ (မေး) ဘာကြောင့်မို့ အရမ်းယူမသွားသလဲ၊ ထင်ရှား အောင် ဖြေပါ။

မောင်ရွှေ (ဖြေ) မပြည့်မှာစိုးလို့ အရမ်းယူမသွားပါ။

ဗုဒ္ဓဝါဒီ (မေး) အရမ်းမယူရင် ဘယ်လိုမှ ယူခဲ့သလဲ။

မောင်ရွှေ (ဖြေ) ချိန်ခွင်မှာ တင်စက်ပြီး ဘောင်မထွက်မှ ယူခဲ့ ပါတယ်။

ဗုဒ္ဓဝါဒီ (မေး) မောင်ရွှေ စဉ်းစဉ်းစားစားနဲ့ ဖြေပါ၊ ဘာချိန် ခွင်လဲ။

**မောင်ရွှေ** (ဖြေ) ကြေးခွက်ချိန်ခွင်ပါ။

**ဗုဒ္ဓဝါဒီ** (မေး) မောင်ရွှေဝယ်တဲ့ပစ္စည်းတွေဟာ ဘယ်လောက် အဘိုးတန်သလဲ။

**မောင်ရွှေ** (ဖြေ) မတန်ပါ၊ တရက်-နှစ်ရက်၊ တလ-နှစ်လ အတွင်း ပျက်စီးနိုင်ပါတယ်။

**ဗုဒ္ဓဝါဒီ** (မေး) သံသရာအတွက်တော့ ဘာကြောင့် (ချိန်ခွင်) မှာ မချိန်သလဲ မောင်ရဲ့၊ ချိန်နိုင်သမျှ ချိန်ပါ၊ ဘုရားဟောနည်းကို ညီမှ ဘောင်မထွက်မှ စိတ်ချ လက်ချ ယုံကြည်ပါ။

**မောင်ရွှေ** (ဖြေ) ဗုဒ္ဓဝါဒီနဲ့တွေ့မှ ရှင်းသွားတယ်၊ကိုယ့်ကိုယ်တိုင် ချိန်ပြီး သဘောကျမှ ယုံတော့မယ်။

(ဆရာ-တပည့် ဓမ္မသာကစ္ဆာခန်းပြီး၏။)

သာဓု-သာဓု-သာဓု

---

**တရားအား မထုတ်မီ ပရိကံခေါ်သော မိမိရုပ်နာမ်ကို**

**ဘုရားရှင်များအား လှူဒါန်းပြီး ဆုတောင်းရန်**

ဘန္တေ တုမှာကံ မေ ဇီဝိတံ ပရိစ္စဇာမိ။

ဘန္တေ သဗ္ဗဗုဒ္ဓါနံ ဒိဠ္ဌဓမ္မာယေဝ ဘာဂီ အဿ။

ဘန္တေ၊ အရှင်ဘုရား။ တုမှာကံ၊ သဲလုံးအမျှ ပွင့်လာကုန်ပြီး မြတ်ဘုရားတို့အား။ မေ၊ ဘုရားတပည့်တော်၏။ ဇီဝိတံ၊ အသက် ကို။ ပရိစ္စဇာမိ၊ စွန့်လွှတ်လှူဒါန်းပါ၏။ ဘန္တေ၊ အရှင်ဘုရား။ သဗ္ဗဗုဒ္ဓါနံ၊ သဲလုံးအမျှ ပွင့်လာကုန်ဘိ မြတ်ဘုရားတို့၏။ ဒိဠ္ဌ

ဓမ္မာယေဝ၊ တွေ့မြင်အပ်ပြီးသော ရုပ်တရား၊နာမ်တရား၊ခေတ်တရား၊ ကလာပ်တရား၊ ပရမတ်တရား၊ မဂ်တရား၊ ဖိုလ်တရားတို့၏ သာလျှင်။ ဘာဂီ၊ အသို့ဘာဂ အမျှရသည်။ အသ၊ဖြစ်ချပါလို၏ အရှင်မြတ်ကြီးတို့ဘုရား။

မှတ်ချက်။ ။ညှိကဲ့သို့အဆက်ပါ အတိုင်း မိမိ ရုပ်နှင့်နာမ်ကို သဲလုံးအမျှ ဘုရားရှင်များအား လှူဒါန်းပြီးမှ ကိုယ်တွေ့တရား ရှုပွားလျှင် ခေတ်အမြန်ပေါ်၍ ပရမတ်ဉာဏ်အမြင် သန်လွယ်၏။

---

# အလုပ်ကိုပြပြီ

## ပထမအလုပ်

တရား သိလို့မြင်လိုသော ယောဂီရဲ့ စိတ်ကလေးကို သမာဓိ ရအောင် နှာသီးမှ ထွက်လေကလေး အပေါ်ဖျားကို တိုးထိ တိုက်ခတ်သွားသည်ကို ထိ-တာကို သိထားပါ၊ဝင်လေမှာ နှာသီး ဝကို တိုးထိတိုက်ခတ်သွားသည်ကို ထိ-တာကို သိထားပါ၊ထိတာ ကို သိတာကလေးနဲ့ ဖမ်းထားပါ၊ယောဂီစိတ်ကလေးဟာ မြုံးဆို အာရုံတပါး မကြာမကြာ ထွက်ထွက် သွားတတ်သည်၊ အလျော့ မပေးဘဲ အကြိမ်ကြိမ် နှာသီးဝသို့ တဖန် ပြန်ရောက်လာအောင် (ထိတာကိုသိ) ဆိုသည့်အတိုင်း မမိ မိအောင် ဖမ်းထားပါ၊ မမိ တချက် မိတချက်နဲ့ အရိယာ အရှင်မြတ်ကြီးများ ကျင့်သလိုကျင့် နေလို့ ဘုရားရှင်ကြီးက (အာစာရအရိယာ) လက်မှတ်ရရှိနေပါ ပြီတဲ့၊ (အာစာရ၊ တရားကျင့်နေသောသူမို့ (အရိ)အပါယ် လေး ပါးမှ (ယာ)လွတ်မြောက်သော ပုဂ္ဂိုလ်ပါတဲ့။

## ဒုတိယအလုပ်

သမာဓိရလာ၍ ခန္ဓာကိုယ်ပေါ်မှာ တနေရာက (အုံ) ပေါ် သိနေ၊ (လေး) ပေါ်သိနေ၊ (ပူ) ပေါ်သိနေ၊ (အေး) ပေါ်သိ နေ၊ (လှုပ်)ပေါ်သိနေ၊ (ယိမ်း)ပေါ်သိနေ၊ (ယိုင်)ပေါ်သိနေ၊ (ကျင်)ပေါ်သိနေ၊(တုံ ပေါ်သိနေ၊ ခေတ်အပေါ်ပျောက်သွား လျှင် ယောဂီရဲ့စိတ်ကလေးကို နှာသီးဝမှာပြန်ကပ်ပြီး(ထိ)တာကို ဘဲ လိုက်သိထားပါ။ ခေတ်ပေါ်လာလျှင် ပေါ်သော နေရာကို လိုက်၍ လိုက်၍ သိထားပါ။ ခေတ်အပေါ် ပျောက်သွားလျှင် နှာသီးဝမှာ ကပ်ပြီး ထိတာကိုဘဲ သိနေပါ။ ခန္ဓာကိုယ်ပေါ်က သူ့သဘောနဲ့သူ (အတ္တနော သဘာဝံ ဓာရေတီတိ ဓာတု) အရ အလိုလိုပေါ်လာသမျှတွေက ရုပ်ပရမတ် တွေဘဲ၊ သိနေတဲ့ စိတ် ကလေးက နာမ်ပရမတ်တွေဘဲလို့ (သမ္မာသင်္ကပ္ပ) အနေနဲ့ တိတိ ကျကျ မိမိရကိုယ်ပိုင်ဉာဏ်နဲ့ သဘောပေါ်လျှင်(ဒဿနအရိယာ) လက်မှတ်ရပြန်ပြီတဲ့ (ဒဿန)ရုပ်ပရမတ်, နာမ်ပရမတ်ကို ကိုယ်ပိုင် ဉာဏ်နှင့်သိတဲ့သူမို့ (အရိ)အဒါယ်လေးပါးမှ (ယာ) လွတ်မြောက် သော ပုဂ္ဂိုလ်ပါတဲ့။

## တတိယအလုပ်

ဥပမာ—အုံ၍ ပေါ်နေတုန်း တနေရာရာက ကျင်-ပေါ်လာ၊ ထုံ-ပေါ်လာ၊လေး-ပေါ်လာလိုက် ပေါ်လာပြီးပြပြန်၏၊လိုက်သိ ထားပါ။ တနေရာကတဖန် ရွရွမွမွ ဖြန်းဖြန်းကလေးတွေ ပေါ်ပြ ပြန်၏၊ လိုက်သိထားပါ။အဲဒီလို သူ့သဘောနဲ့သူ အလိုလို ပေါ်ပြ နေတာကို လိုက်လိုက်သိသိနေရသဖြင့် သူ့ဘာသူ တရားတော်က တဆင့်ထက်တဆင့် တက်၍တက်၍ပြသွားခြင်းပါဘဲ။ တရားတော် ဂုဏ်ခြောက်ပါးတို့တွင် (ဟောပသိကော)အရ လာလှည့်, ရှုလှည့်

ဟု ခေါ်နေခြင်းပင်တည်း။(ဆာယာဝအနုပါယိနီ)လူသွားတော့ အရိပ်သွားသလို လူရပ်တော့အရိပ်ရပ်သလို ယောဂီရဲ့ပါရမီအရိပ် တွေ ထင်မြင်အောင်ပြလာခြင်းဘဲမှတ်။

## စတုတ္ထအလုပ်

ယောဂီ ခန္ဓာကိုယ်တကိုယ်လုံး တကောင်လုံးမှာ ဟိုနေရာက ပေါ် ဒီနေရာကပေါ်ပြနဲ့ အမျိုးမျိုး ပထဝီက မာမှုပြော့မှု၊ တေဇောက ပူမှုအေးမှု၊ ဝါယောက လှုပ်ရှားမှုယိမ်းယိုင်မှု၊ အာပေါက ယိုစီးမှုဖွဲ့စည်းမှု၊ကိုယ့်ရဲ့သတ္တိရှိသလောက် ပေါ်၍ပေါ်၍ ပြပြနေ ခြင်းဟာ တရားတော်ရဲ့ သတ္တိဘန်ခိုးတွေ ပါဘဲ။ ထို အမျိုးမျိုး ပေါ်ပြနေတဲ့အထဲက ယောဂီ သဘောအကျဆုံး အနှစ်သက်ဆုံး အကျေနပ်ဆုံး အပြင်းထန်ဆုံး (အဓိပတိ) အနေနဲ့ ပေါ်ပြနေတဲ့ ခေါင်းဆောင်ပေါ်မှု ဓာတ်တခုတည်းကိုသာ အာရုံဒိုက် လိုက် ထားပါဟု တရားတော်ကပင် ပြလာ၏။ ယောဂီရဲ့ ဘုန်းကံ အလျောက် စကြာရတနာ ရောက်ခြင်းပါဘဲ။ အလောင်းမှန်လို့ ရထားဆိုက်လာခြင်းပါဘဲ။ (အဓိပတိ)အပြင်းထန်ဆုံးတခုကိုသာ ရှုမှတ်၍ထားပါလေ။ အများကိုမလိုက်နှင့် သဘိများများပြပါ ယောဂီ။

## ပဉ္စမအလုပ်

ဓာတ်ပေါ်မှုတွေဟာကြမ်းကြမ်းဘန်းဘန်းပေါ်ပြနေရာမှ-နူး နူးသည်ထက် နူးနူးလာတတ်၏။ခရီးပြင်းမောင်းနှင်လာသောရထား များ၊သဘော်-လေယာဉ်များဟာမိမိလိုရာခရီးရောက်ခါနီးဘော့ အရှိန်တဖြည်းဖြည်းသတ်နေသလို တခါဘလေ ဓာတ်ပေါ်မှုဟာ ပျောက်ပျောက်သွားတတ်၏။အဲဒီလို တခါတလေ ပျောက်သွား တာကိုဘဲ တချို့တချို့ယောဂီများက (ငါ-သမာဓိ) လျော့သွား

တာဘဲ၊ အကုသိုလ် ဝင်နေလို့ဘဲ တရားတော် ပျောက်ပျောက် သွားရတယ်လို့ထင်တတ်ကြသည်။ ထင်တဲ့အတိုင်းမဟုတ်ပါ၊ ရုပ် အတွက် လုံလောက်လို့ နာမ်ဘက်သို့ ကူးပြောင်းရတော့မယ်ဟု တရားတော်က သူ့ဟာသူနိမိတ်ပြနေခြင်းဘဲမှတ်ပါ။ထိုကဲ့သို့ ဖြစ် ပေါ်နေတဲ့အချိန်မျိုးတွင် ဝိပဿနာကမ္မဋ္ဌာန်းနှင့်ပတ်သက်သော စာအုပ်တွေကို များများဘတ်ပြီးတော့ အသိဉာဏ်ဖြည့်စွက်ပေး ပါ။ (ပိုလျှင်လျှော့-လျော့လျှင်ဖြည့်)ပါတဲ့။ ထို့အတူ (ရုပ်ဖြစ် ပျက်-နာမ်သိပျက်) ဉာဏ်စဉ် ဟောကြား မြတ်တရားတို့ကို နာ ကြား ဖြည့်စွက်ပေးပါလေ။ အားထုတ်သောအခါ မပေါ်ပါဘဲ အားမထုတ်မှ ပေါ်လာတတ်၏။ ရုပ်တရားအပေါ်မှ နာမ်တရား အပေါ်သို့ ပြောင်းရွှေ့ရတော့မည်ဟု တရားတော်က ယောဂီကို နိမိတ်ပြနေခြင်းဘဲလို့မှတ်ပါ။

## ဆဋ္ဌမအလုပ်

တကိုယ်လုံး တကောင်လုံးမှ တရွရွ၊ တမွမွ၊ တရှိန်းရှိန်း၊ တဖြန်းဖြန်းနဲ့ ဓာတ်-ကလာပ်တွေ ပေါ်ပြလာတတ်၏။ ယောဂီ တယောက်က ရုပ်ပရမတ်တို့၏ ဖြစ်ပျက်နေပုံ၊ နာမ်ပရမတ် တို့၏ သိပြီးပျက်နေပုံ၊ဟောသံပြောသံကြားရလျှင်(ဥပမာ) ဈေးသည်က ဆိုတဲ့အသံကြားလိုက်ရတော့ ဘုံခုနစ်ဆင့် အမြင့်မှာ နေရသော သူဌေးသမီးကလေးရဲ့ ရိုးတွင်းခြင်ဆီ ထိခိုက်မျှ ဖြစ်ပေါ်သွား သလို၊တရွရွ၊တမွမွ၊တဖြန်းဖြန်း၊ ရုပ်ပရမတ်-ဓာတ်-ကလာပ်တွေရဲ့ မမြဲတဲ့(အနိစ္စ)၊ သေပျောက် ချုပ်ဆုံးသွားတဲ့(ဒုက္ခ)၊ ကိုယ့်အလို မလိုက် ကိုယ့်အကြိုက်မပါ သူ့သဘောအတိုင်း သူဖြစ်ချင်သလို ဖြစ်နေတဲ့ (အနတ္တ)တရားအစုအပေါင်းတို့ကို ရိပ်စားမိလာတော့ ၏။ယောဂီကိုယ်တိုင် သူ့အလိုအလျောက် ဒီရုပ်-ဓာတ်-ကလာပ်နဲ့ ဒီနာမ်အပေါ်မှာ ပျင်းမုန်းငြီးငွေ့လာတော့၏။အားကျစရာ ပျော်

ရှင်စရာ တုပ္ပိုင်စရာတွေကို တွေ့မြင်လာလျှင် ရွှေကလို အားကျချင်တဲ့စိတ်၊ ပျော်ရွှင်ချင်တဲ့စိတ်၊ တုပ္ပိုင်ချင်တဲ့စိတ်တွေ ဖြစ်ပေါ်မလာတော့ဘဲ အပြစ်တွေဟုသာ မြင်လာထင်လာတော့၏၊ တရားမတွေ့သေးသော သူများကို ကိုယ်တွေ့ မိမိကဲ့သို့ ခန္ဓာကိုယ်တွေ့တရားကို သိစေချင်တွေ့စေချင်သောကြောင့် (တွေ့ကရာဌာနမရွေးဟောနေသဖြင့် မသိသူများက ကမ္မဋ္ဌာန်းရူး၊ ဝိပဿနာရူးဟုပြောလာတတ်၏။ စိတ်မဆိုးနဲ့ သည်းခံပါ ။ အဲဒီယောဂီဟာ (လိင်္ဂ အရိယာ) နယ်စခန်း တကယ်တန်း ရောက်နေခြင်းပါဘဲ။ (လိင်္ဂ) စိတ်ဓာတ်ပြောင်းနေတဲ့ (အရိ) အပါယ်လေးပါးမှ (ယာ) လွတ်မြောက်နေတဲ့ ပုဂ္ဂိုလ်ပါတဲ့။

## သတ္တမအလုပ်

ဓာတ်တွေကလာပ်တွေအစုံပေါ်နေတုန်း ဖြိုးကနဲ လန့်သလိုတွန်းထိုး ပစ်လိုက်သလို ဖြစ်ပေါ်လာတတ်၏။ အဲဒီလို လန့်သလိုတွန်းထိုးပစ်သလို ဖြစ်ဖြစ်သွားတာဟာ အနုသယကို (မဂ်) ဗီဇမျိုးစေ့ကထိတော့ (မြေပတ်ထားတဲ့စပါးပုတ်ကာ မြေကိုဒုတ်နဲ့ထိုးလိုက်တော့၊ မြေသည် ပြေးလို၍ဖြစ်စေ၊ ရုန်းမှုလို၍ဖြစ်စေ အခွံကိုဖြေလိုက်စဉ်၊ စပါးပုတ်လည်းလှုပ်၍ မြေလည်းတွန့်သလို) (ဝိလီယတိ) တွန့်၏ လှုပ်၏။ စူဠသောတာပန် လက်မှတ်ကို ရလိုက်ခြင်းပါဘဲ။ (သောတာပန်အငယ်စား) ကလေးဘဲ။

တဖန် ယောဂီရဲ့ ခန္ဓာကိုယ်ထဲမှာ ( ဗဟုလီကတော ) အရှုရှုပွားဖန်များတော့ တရွရွ၊ တမွမွ၊ တဖြန်းဖြန်းတွေ တွေ့နေတတ်၏။ စိတ်ထဲမှာ မျက်စိထဲမှာတော့ ပြောင်ပြောင်လက်လက် ဝင်းဝင်း ဝါဝါ တွေ့လာမြင်လာတတ်၏။ ပြောင်ပြောင်လက်လက်ဝင်းဝင်းဝါဝါတွေက မဂ်မှား ပညတ်နိမိတ်အာရုံတွေလို့ မှတ်။ (အမဂ္ဂ) ယောဂီလိုချင်တဲ့ ရုပ် ဖြစ်ပျက်-နာမ် သိပျက် ပွားနေတဲ့

(မဂ်)မဟုတ်ပါ။ သူ့အဆင့်မှို သူက ပြနေခြင်းပါဘဲ။ ဥပမာ–ငယ်ရာကကြီးလာတော့ အပြောအဆို အနေအထိုင်ပြောင်းသွားသလိုပေါ့။ (မဇ္ဈိမသောတာပန်)ဆိုတဲ့လက်မှတ်ကို တဆင့်တိုးပြီးရလိုက်ခြင်းပါဘဲ။ (သောတာပန်အလတ်စား) ဖြစ်ပါပြီတဲ့။

တဖန်ရှုဖန်ပွားများဖန်များလာတော့ ဇာရက်-နှစ်ရက်အတွင်းမှာ စိတ်အာရုံကျေ တမျိုးတဖုံ ပြောင်းလာပြီး ယောဂီ့ရဲ့တကိုယ်လုံး တကောင်လုံး ( ရုပ်ဖြစ်ပျက်-နာမ်သိပျက် ) တွေဟာ သိသိသာသာ ထင်ထင်ရှားရှားကြီးဖြစ်ပေါ်လာပြီးမှ ပြုံကနဲ ရုပ်ဖြစ်ပျက် ရှုရှုဖြန်းဖြန်းကလေးတွေ ရုပ်စဲသွားတာဟာ ( နိုဗ္ဗာနာမနိဗ္ဗာနံ) ရုပ် ချုပ်ငြိမ်းသွားတာ နိဗ္ဗာန်တဲ့။ သိမှတ် ရှုပွား နေတဲ့နာမ်အသိစိတ်ကလေးကရှုမှတ်ပွားများရန်မရှိတော့သဖြင့် ရုပ်နှင့်တပြိုင်တည်း တချက်တည်း ချုပ်ပျောက် ရပ်စဲ သွားတာဟာ(မဂ်ဉာဏ်)။ ထိုနောက် ဖြစ်ပျက်သမျှ ဇောအစဉ်တွေဟာ (ဖိုလ်ဇော)တွေချည့်ဘဲ။ ထိုနောင် အသိစိတ်ကလေးက-ငါ ဘာဖြစ်သွားသလဲ၊ နိဗ္ဗာန်ဆိုတာ ဒါဘဲလား၊ မဂ်ဆိုတာ ဒါဘဲလားဟုတွေးတော ဆင်ခြင်နေဒါက (ပစ္စဝေက္ခဏာဉာဏ်) ဘဲ။ (မဟာသောတာပန်) လက်မှတ် တဆင့်တိုးပြီး ရလိုက်ခြင်းပါဘဲ။ (စူဠသောတာပန်+မဇ္ဈိမသောတာပန်)တွင် မနေပါဘဲ အချိန်ရှိတုန်း(မဟာသောတာပန်) အထိ ကြိုးစားကြပါဟု တိုက်တွန်းလိုက်၏ဟူလို။ (ပင်မ) ဗုဒ္ဓဝါဒီမဟာထေရ်၊ ကိုးမိုင်။

ထို့ကြောင့်ဘုရားရှင်ကြီးက(ပဝတ္တံ သင်္ခါရံ၊ အပဝတ္တံ နိဗ္ဗာနံ)တဲ့။(ပဝတ္တံ)ပုဒ်က ရုပ်နာမ်မှန်သမျှ အနန္တတို့ ဖြစ်ချည်-ပျက်ချည်နေခြင်းကိုပြသည်။(သင်္ခါရ)ပုဒ်က သင်္ခါရတရားတို့ဘဲဟုပြသည်။(အပဝတ္တံ)ပုဒ်က ရုပ်နာမ်တို့၏ ဖြစ်ခြင်း-ပျက်ခြင်း၏ ဆန့်ကျင်ဘက် မဖြစ်ကြ-မပျက်ကြတော့ဘဲ ချုပ်ပျောက်ရပ်စဲသွားတာဟာ

နိဗ္ဗာန်ဘဲဟုပြသည်။ ဤခုနစ်ဆင့်စလုံးက (စာပြောမဟုတ်၊ ဆရာက ပြောပြလို့ရတဲ့ တရားလဲမဟုတ်ပါ၊ ၊တရားကိုကျင့်သော ယောဂီရဲ့ ခန္ဓာကိုယ်အသားထဲက ပြောပြသွားတဲ့ တရားအစစ်မို့ တရားတော် ၏ ဂုဏ်တော်ခြောက်ပါး တရားကျင့်သော ယောဂီရဲ့ ခန္ဓာကိုယ် တွင် ဥပနာပြီး ဖြစ်ပါတော့သည်။

## ရူဠသောတာပန်- မဇ္ဈိမသောတာပန်- မဟာသောတာပန် အတွေ့ထူးပုံသုံးမျိုး

တရားကျင့်သော ယောဂီဟာ ခန္ဓာကိုယ်တွေ့ တရားကို အား ထုတ်ခါစ နှာသီးဝမှာ ထိတာကိုသိတို့ စိတ်ကလေးကို ထားပြီး ရှူမှတ်ပွားများတော့ နှာသီးဝကိုသာ သတိရနေတာက ပညတ် ပါဘဲ။ ခန္ဓာကိုယ်အသားထဲမှ ပူမှု-အေးမှု၊ အုံမှု ထုံမှု၊ လှုပ်မှု-ဖွဲ့စည်း မှု သဘောသက်သက်ကလေးတွေကို တွေ့လာလိမ့်မယ်။ သဘော သက်သက်ကလေးတွေက ပရမတ်တွေဘဲ။ ခန္ဓာကိုယ် မပျောက် သေးတဲ့ ပူမှု-အေးမှု၊ အုံမှု-ထုံမှု၊ လှုပ်မှု-ဖွဲ့စည်းမှု သဘောသက်သက် ကလေးကိုလဲ တွေ့နေတယ်။ ယောဂီရဲ့ ခန္ဓာကိုယ် ပညတ်ရုပ် မပျောက်သေးတာက (ငါစွဲမပြုတ်သေးသောကြောင့် ဒိဋ္ဌိကပ်ဘဲ့ သဘောကို ပြနေတာဘဲ) ပူမှု-အေးမှု၊ ထုံမှု-ကျင်မှု၊ လှုပ်မှု-ဖွဲ့စည်းမှု သဘောသက်သက်ကလေးတွေကို တွေ့နေတာကတော့ ငါစွဲစရာ မရှိလို့ (ဒိဋ္ဌိကွာ)ပုံကို ပြနေတာပါဘဲ။ ထိုကဲ့သို့ ယောဂီရဲ့ ခန္ဓာ ကိုယ်ပေါ်မှာ ငါစွဲလို့(ဒိဋ္ဌိကပ်) ခတ်သဘောသက်သက်ကလေး မှာ ငါစွဲစရာ မရှိလို့ (ဒိဋ္ဌိ) ကွာနေသောကြောင့် (ဒိဋ္ဌိကပ်ကွာ) နယ်စခန်းသို့ တန်းတန်းမတ်မတ်ကြီး ရောက်နေတော့တာဘဲ။ ဤ အသိမျိုးအတွေးမျိုး တွေးရသိရပါလျှင် ပါရမီတရားက ယောဂီ

ဟာ (စုဋ္ဌသောတာပန်) ဘဝသို့ရောက်ရှိ၍ နေပါပြီဟု ပြနေခြင်း ပါဘဲ။ (ဟေပိယသိကော) အရ မှတ်ပါလေ။

---

(ဆောင်ပုဒ်လင်္ကာကျက်စရာ)

## မြဝတီ-ဆရာတော်ရေး

မာတ်ကိုကျကျ၊ ရှုနိုင်မှ၊ အနတ္တအစစ်သာ၊
အနတ္တစစ်စစ်၊ မြင်တုံလစ်၊ စင်စစ်ဒိဋ္ဌိကွာ။
ဒိဋ္ဌိကပ်ကွာ၊ နေသောခါ၊ သောတာစုဋ္ဌသာ၊
သောတစုဋ္ဌ၊ ဖြစ်လေက၊ မကျအပါယ်ရွာ။

(မဇ္ဈိမ သောတာပန် အတွေ့)

ထိုကဲ့သို့ နှာသီးဖျားကိုလဲသိ၊ မာတ်-ကလာပ်တွေကလဲ ပေါ် ပြနေလို့ (ဒိဋ္ဌိကပ်ကွာ)အတန်းမှ(ဝိရိယ တောကိ ကမ္မံ နသိဇ္ဇတိ) အရ ဝိရိယလုလ္လနှင့် ကြိုးစားဆက်လက်ပြီး ရှုမှတ် ပွားများ နေ ပြန်ရာ၊ ပူပူ-အေးအေး - အုံအုံ-ထုံထုံ - ကျင်ကျင် - လှုပ်လှုပ် - ရွရွ- ဖြန်းဖြန်းတွေကိုသာတွေ့နေသိနေရတော့၏။(ဘာဝိတော-ဗဟုလီ ကတော) အရ၊ မိနစ်-နာရီ-နေ့-ရက်-လတိုင်အောင် ကြိုးစားပြီး အကြိမ်ကြိမ်အထပ်ထပ် ရှုမှတ်ပွားများနေသော ယောဂီများဟာ ဝိပဿနာ အဟုန်ကြောင့် ခန္ဓာကိုယ် အစိတ်အပိုင်းကို မတွေ့ရ တော့ဘဲ တရွရွ-တမ္ဗမ္ဗ-တဖြန်းဖြန်းနဲ့ ကလာပ်များ ပေါ်နေသည် ကိုသာ တွေ့နေရတော့၏။ ဒါ-ခေါင်းဘဲ-ကိုယ်ဘဲ-လက်ဘဲ-ခြေဘဲ ဟု ပညတ်တွေဆိတ်သုဉ်းပြီး အမှတ်မရတော့ဘဲ တရွရွ - တမ္ဗမ္ဗ- တဖြန်းဖြန်းတွေကိုသာ တွေ့နေရတော့၏။

ရူရူ-မှုမှု-ဖြန်းဖြန်း ကလာပ် ပေါ်နေ တာမှ တပါး တခြားစွဲလမ်းနေစရာ (ဒါငါနားမည်ကလေးဘဲ ဟူသော-နာမပညတ်)၊ ရူရူ-မှုမှု-ဖြန်းဖြန်းတွေမှတပါး အခြားအတုံးအတစ်ကလေးတွေဆိုတဲ့ (ဃနပညတ်)၊ ရူရူ-မှုမှု-ဖြန်းဖြန်းမှတပါး တခြားသိတဲ့နာမ်က တခြားဘဲလို့သိရတော့ (သမူဟပညတ်)၊ ဒီ ရူရူ - မှုမှု - ဖြန်းဖြန်း ကလေးတွေဟာ တခုနဲ့တခု မရောမယှက် သက်သက်သာတော မျှပါ လားလို့ ပိုင်းခြား သေဘာန် သိရတော့ (သဏ္ဍာနပညတ်)၊ အဲဒီ တရူရူ - တမှုမှု - တဖြန်းဖြန်း တွေဟာ အစဉ်မပြတ် ရှောကပျက်နောက်ကဖြစ်နဲ့ နေလို့သာ ဒီချုပ်ကြီးတည်နေတာဘဲ။ (နဒီသောတောဝိယ ဒီပဇာလာဝိယ) ပျက်တဲ့နေရာ အသစ်တမန် ဖြစ်လာပြန်လို့ ငါ့ခန္ဓာကိုယ်ကြီးဟာ အပေါင်းအသစ် ဝင်နေတဲ့ ခန္ဓာကိုယ်ကြီးဘဲဟုသိပါလျှင်(သန္တတိပညတ်)များလွင့်ပြီး ဘာဝနာ အရှိန်ကြောင့် ပျောက်ကွယ် ချုပ်ဆုံးသွား ပြီး ရူရူ-မှုမှု-ဖြန်းဖြန်း (အနိစ္စ)၊ကုဋ္ဌေငါးထောင်ကျော်နှစ်သက်ဘွယ်-သဘောကျဘွယ်-သာယာဘွယ် - အားကိုးဘွယ် ဘာကမှ မရှိတဲ့ ဖြန်းဖြန်း (ဒုက္ခ)၊ တွေက ကုဋ္ဌေငါးထောင်ကျော်၊တားလို့မရ-ဆီးလို့မရ ကိုယ့်အလိုမလိုက် ကိုယ့်အကြိုက်မပါတဲ့ (အနတ္တ)၊ ဖြန်းဖြန်းတွေက ကုဋ္ဌေငါးထောင်ကျော်၊တဖြန်းနှင့်တဖြန်း မရောကြဘဲ သူ့ကလာပ်နဲ့သူ သူ့သဘောအလျောက် ဖြစ်ပေါ်နေတဲ့ ကလာပ်ပေါင်း ကုဋ္ဌေငါးထောင်ကျော်၊ ဖြန်းတခုနှင့်တခု မရောမယှက် သက်သက်စီခြားနေတဲ့ (အာကာသ) ကုဋ္ဌေငါးထောင်ကျော် တို့ကိုသာလျှင် တွေ့နေရတော့၏။ ပညတ်ဟာ လုံးလုံးကွယ်ပျောက်ပြီး ရူရူ-မှုမှု-ဖြန်းဖြန်း (ပရမတ်ကလာပ်) အစုကလေးတွေကိုသာ တွေ့နေ-အာရုံပြုနေ ရသောကြောင့် ထိုအတွေ့ ထိုအာရုံက ပင်လျှင် ယောဂီဟာ(မဇ္ဈိမသောတာပန်)ဘဝသို့ လှလှပပကြီး ရောက်လို့

နေပါပြီဟု (ဟေ့ပယာသီကော) အရဖြင့် ပြ၍နေပေ၏။ (မဇ္ဈိမ သောတာပန်) များ တွေ့ရပုံ ပင်တည်း။ (မဇ္ဈိမသောတာပန်) များဟာ(စိတ္တဝိပ္ပလ္လာသ)ဆိုတဲ့ အသိမှားမှု၊ (သညာဝိပ္ပလ္လာသ) အမှတ်မှားမှု၊(ဒိဋ္ဌိဝိပ္ပလ္လာသ နှစ်သက်စရာ ဘာတခုမှ စွဲလမ်းစရာ မရှိလို စွဲလမ်းတတ်သော (ဒိဋ္ဌိ) ဥပါဒါန် အားလုံးကင်းတော့၏။ (မဇ္ဈိမသောတာပန်)မှာ အမှားအားလုံး ပြုတ်တော့၏။

(မဇ္ဈိမသောတာပန်) အခက်းကို အကြိမ်ကြိမ် အထပ်ထပ် သုံးသပ်ပြီးမှ ရှေ့ကို ဆက်ရှုပ' ဟု မေတ္တာရပ်လိုက်၏။

ပင်မဗုဒ္ဓဝါဒီကျောင်း (ဓမ္မာစရိယ) အရှင်ဉာဏ်ကိုရ။

(မှတ်ချက်) ပညာတ်ငါးပါး အကျယ်ကို ကြည့်လိုမှု(ပင်မ ဗုဒ္ဓဝါဒီရေး) အလုပ်ပေးနှင့် ကိုယ်တွေ့ အဘိဓမ္မာ ကျမ်းမှာ ကြည့်ရှုကြပါကုန်။

---

## မဟာသောတာပန်၏အတွေ့

(မဇ္ဈိမသောတာပန်) ဘဝမှ (ဘာဝိတော ဗဟုလီကတော) ပုဒ်အရဖြင့် ဆက်လက်ပြီး ကြိုးစားအားထုတ်သော ယောဂီခန္ဓာ ကိုယ်ကောင်တခုလုံး (ခေါင်း-ကိုယ်-ခြေ-လက်)ဆိုတဲ့ ပညာတ် သဏ္ဍာန်တွေကို ဘာမှမတွေ့ရတော့ဘဲ တကိုယ်လုံး တကောင်လုံး မှာ တဖြုန်းဖြုန်း-တရှိန်ရှိန်-တဖျဉ်းဖျဉ်း- တရိပ်ရိပ်- တလှုပ်လှုပ်နှင့် မပြတ်တော့ဘဲ အမြဲသန်း ဒလစပ် ပေါက်ပြန်နေတဲ့ ဝိပရိနာမ သဘော၊ ရုပ္ပနသဘော၊ (ခယ) ကုန်ခန်းခြင်းသဘော၊ (ဝယ) ပျက်စီးခြင်း သဘောတို့ကို တွေ့ရလိမ့်မယ်။ ကလာပ်များက (အနိစ္စ)နဲ့တွဲလျက် (ဒုက္ခ)နဲ့တွဲလျက် (အနတ္တ)နဲ့တွဲလျက် ပေါ်ပြ

လာလိမ့်မယ်။ အမြဲမပြတ် တွေ့မြင်ခံစားနေရတာက (သင်္ခါရ) ဖြစ်ပျက်သဘောဘဲ။ ထို(သင်္ခါရ)ဖြစ်လိုက်ပျက်လိုက် နေပုံတို့ကို ညွတ်ပြီး သိသိနေတဲ့(နာမ်)နာမ်သဘောက(ဝိပဿနာဉာဏ်ဘဲ။) အဖြစ်အပျက်တို့၏ရန်သူ ဗြုံးကနဲ ရှုရှု - ဖြန်းဖြန်း - ဖျဉ်းဖျဉ်းတွေ ချုပ်ပျောက်ရပ်စဲသွားလိုက်ထာက ( သင်္ခါရနိရောဓ ) နိဗ္ဗာန်ကို အာရုံ ပြုလိုက်ခြင်း ပင်တည်း။ ရှုရှု - ဖြန်းဖြန်း သဘောတွေကို ညွတ်ပြီးလိုက်သိနေတဲ့ နာမ်သဘောကလေး ပျောက်သွားတာက (မဂ်)ဉာဏ်၊ ထို့နောက် ဖြစ်ပေါ်နေသော ဇောအစဉ်တွေ(ဖိုလ်) ဉာဏ်တွေဘဲ၊ နောက် (ပစ္စဝေက္ခဏာ) ဤကျမှ ထင်ရှားသည် ယောဂီ။ တွေ့ဘူးသူများလှပြီ။

(မဟာသေတာပန်)၏ သုံးမျိုးကွဲပြားပုံကို ပင်မဗုဒ္ဓဝါဒီ ရေး၊ အလုပ်ပေးနှင့် ကိုယ်တွေ့အဘိဓမ္မာကျမ်းတွင် ရှုကြပါကုန်။

---

## အောက်ပါဇယားကွက်-ထင်းထင်းမြင်အောင်ကြည့်

| | |
|---|---|
| ရှုရှုဖြန်းဖြန်းတွေက(သင်္ခါရ) | ရှုရှုဖြန်းဖြန်းချုပ်တာက(နိဗ္ဗာန်) |
| သိနေတဲ့စိတ်က(ဝိပဿနာ) | သိနေတဲ့စိတ်က (မဂ်) ဉာဏ် (ဖိုလ်)ဉာဏ်။ |

အထက်ပါ အတွေ့နှစ်မျိုးနှင့် အသိဉာဏ် နှစ်မျိုးတို့ကို ခန္ဓာ ကိုယ်ထဲကပြုပြသွားလို့သိရ-တွေ့ရ-မျက်မှောက်ပြုရလျှင်(သင်္ခါရ) တွေ ချုပ်ငြိမ်းတာကို သိလိုက်ရသောကြောင့်(နိဗ္ဗာန်)ကိုတကြိမ် တွေ့ရပြီ မြင်ရပြီ။ (နိဗ္ဗာန်) ကို စိတ္တက္ခဏ တချက်မျှ သိရသော ဉာဏ်ဟာ (မဂ်) ဉာဏ်၊ ထို့နောက် (ဖိုလ်) ဉာဏ်၊ ထို့နောက် (ပစ္စဝေက္ခဏာ)ဉာဏ် မှတ်လေ။

## ဘုရားရှင်ကြီးက တရားအလုပ် တကယ်လုပ်သော ယောဂီများကို ဗျာဒိတ်ပေးခဲ့ပုံ

စတ္တာရော အရိယာ၊ အာစာရအရိယော။
ဒဿန အရိယော၊ လိင်္ဂ အရိယော၊ပဋိဒဝမ အရိယောတိ။

အရိယာ၊ အပါယ်လည်းကင်း ဆင်းရဲလည်းလွတ် ဒုက္ခမှကျွတ်သဖြင့် မုချပင်ကင်းလွတ်ကြကုန်သော။ အရိယာ၊ ပုဂ္ဂိုလ်ကြီးတို့သည်။ ဣမေစတ္တာရော၊ ရေတွက်စစ်ပွား အတွေးမမှားရအောင် ဤလေးပါး သာလျှင် ရှိကြပေကုန်၏။ အာစာရအရိယော၊ ရုပ်ယာဉ်နှင့် နာမ်ယာဉ်ကို အမှန်ပင်စီးတော့မည်ဟု တွင်တွင် အားထုတ်၍နေသော(အာစာရအရိယာ)ကြီးသည်ရင်း။

အတိုချုပ်ရှင်းပြမယ်။ ရုပ်တရားတည်းဟူသော စကြာယာဉ်ကြီးကို စီးတော့မယ်၊ နာမ်တရားတည်းဟူသော စကြာယာဉ်ကြီးကို စီးရအောင်ဟု(ရုပ်ဖြစ်ပျက်-နာမ်သိပျက်)သဘောသက်သက်ကလေးကို မတွေ့-တွေ့အောင် ရှာဖွေအားထုတ်ကျင့်ကြံကြိုးကုတ်အလုပ် လုပ်နေသောသူဟာ ရုပ်တရား - နာမ်တရားကို မတွေ့ရမမြင်ရသေးပေမဲ့ ( အာစာရအရိယာ ) ဖြစ်နေပါပြီတဲ့။ မျက်စိတမှိတ် လျှပ်တပြက် လက်ဖျစ်တတွက် အတွင်းကလေး မှာပင်ကုဋေပေါင်း အသိန်းအသန်းမက(မဂ်,ဗီဇ(ဖိုလ် ဗီဇ(နိဗ္ဗာန်)ဗီဇအမွေ ဘုရားရှင်ကြီးများ၏ အမွေတော်ကြီးများကို ရရှိပြီးသားဖြစ်နေသောကြောင့် (အာစာရအရိယာ) ကြီးပါတဲ့ဟု ဘုရားရှင်ကြီးများက (ဘွဲ့တံဆိပ်ခပ်နှိပ်လျက်) ရာထူးကြီး အပ်ခဲ့ပါသည်။ ဝမ်းမြောက်စရာ ဝမ်းသာစရာ အားတက်စရာကြီးပါတဲ့။

(လင်္ကာ)

## အားထုတ်ကျင့်က၊ အာစာရ၊ ခေါ်ကြအရိယာ။

ခန္ဓာကိုယ်တွေ့ ရုပ်နာမ်ကိုအာရုံပြုပြီး အားထုတ်ရုံဘဲ ရှိသေးတယ်၊ ရုပ်နာမ်ကိုသဘောမတွေ့ရမမြင်ရသေးပေမဲ့ (၁)နံပါတ် (အာစာရအရိယာ)ဖြစ်ပြီး နောက် အားထုတ် ပွားများဖန် များလာတော့ ပူ·အေး·အုံ·ထုံ·ကျင်·ကြွပ်·လှုပ် စေးတန်း စေးထန်းတို့ကို တွေ့လာရတယ်၊ ဒါဒီလိုတွေ့လလျှင်ရုပ်ပရမတ်အစစ်မှတ်၊ နိဗ္ဗာန်သို့ ပို့ဆောင်မည့် ယာဉ်တော်ကြီးစီးရပြီဟု ဝမ်းမြောက်ပါလေ။ ရုပ်ပရမတ် ပေါ်တိုင်း ပေါ်တိုင်း လိုက်လိုက် သိသိ နေတာက နိဗ္ဗာန်ကိုပို့ဆောင်မည့်နာမ်ပရမတ်ယာဉ်တော်ကြီးကိုစီးမိပြန်တာပါဘဲ။အဲဒီလိုရုပ်ပရမတ်ကိုရော နာမ်ပရမတ်ကိုပါတွေ့နေရသော ယောဂီဟာ (ဒဿနအရိယာ)နယ်စခန်းသို့ ဖြောင့်တန်းစွာရောက်နေခြင်းမှတ်ပါလေ။

(၁) ဒါကြောင့် (ဒဿနအရိယော) အဝိဇ္ဇာကင်းပျောက် ဝိဇ္ဇာဉာဏ်အလင်းရောက်သဖြင့် ဓာတ်ပေါက် ရုပ်မြင် နာမ်အစဉ်ပါ အမှန်မြင်နေရသော (ဒဿနအရိယာ)ကြီးသည်ရင်းဟုအနက်ပေးရဒါပေါ့။

(လင်္ကာ)

ရုပ်-နာမ်တွေ့က၊ ဒဿန၊ ခေါ်ကြအရိယာ၊
ရုပ်-နာမ်ကိုစီး၊ မဂ်ခရီး၊ ပြည်ကြီးနိဗ္ဗာန်သာ။
ရုပ်-နာမ်မြင်က၊ ကျိုးဖလ၊ မိုးမျှမကပါ၊
ကာမဂုဏ်၊ တွေ့ကြုံငြား၊ ပျက်ပြားမရှိပါ။

ထိုဒဿနအရိယာနယ်စခန်း၌ ဉာဏ်ကတော့ နာမ်နဲ့ရုပ်ကိုပိုင်းခြားပြခြင်းကြောင့် (နာမရူပပရိစ္ဆေဒ)ဉာဏ်ပါဘဲ။ အထူးသဖြင့် စင်ကြယ်သွားတဲ့ ဝိသုဒ္ဓိကတော့(ဒိဋ္ဌိဝိသုဒ္ဓိ)ပါဘဲ။ ရုပ်ပရမတ်နဲ့ နာမ်ပရမတ်တရားတို့ကို တွေ့မြင်ရလို့ ထင်ရှား ဖြစ်ပေါ်နေတဲ့ ပုဒ္ဒအေး ခေါ်တဲ့(သက္ကာယ)အပေါ်မှာမှားပြီးငါဘယ်လိုစွဲလမ်းနေ ယူနေတဲ့ (ဒိဋ္ဌိ)ကွာပြီ၊ ပြုတ်ရှုနေပါပြီ။

(သံယုတ်)

နာမရူပပရိစ္ဆေဒေန သက္ကာယဒိဋ္ဌိယာ၊
ဝိစိကိစ္ဆာ ပဇဟာတိ။

နာမရူပပရိစ္ဆေဒေန၊နာမ်နဲ့ရုပ်ကို ပိုင်းပိုင်းခြားခြား ပြတ်ပြတ်သားသားသိရသဖြင့်။သက္ကာယဒိဋ္ဌိယာ၊ထင်ရှားရှိနေတဲ့သက္ကာယအပေါ်မှာ ငါထင်, သူထင်, လူထင်, မိန်းမထင်, ယောကျ်ားထင်, အမြင်မှားနေတဲ့(မိစ္ဆာ)ယူထားတဲ့(ဒိဋ္ဌိ)ကြီးနှင့်တကွ။ ဝိစိကိစ္ဆာ၊ ဟုတ်မှဟုတ်ပါ့မလားနှင့် ယုံမှားခြင်းသံသယဝိစိကိစ္ဆာကို။ ပဇဟာတိ၊ မဖွယ်သရမ်းသဖြင့် တကယ်တန်း ပယ်သတ်နိုင်တော့၏။

ထိုရုပ်နဲ့နာမ်ပရမတ်ကို တွေ့ရ-သိရ၍ (ဒဿနအရိယာ)အဖြစ်သို့ ရောက်ပြီးနောက် စိတ်ခနစိတ်ထား သဒ္ဓါတရား၊ စေတနာတရား၊ပညာတရား၊ အပေါင်းအသင်းမှစပြီး ရှေးဘစိတ်ထားမျိုးမဟုတ်တော့ဘဲ အမူအရာ အနေအထိုင် အပြောအဆို အလိုလိုပြောင်းသွားတော့၏။ အသိတရား အမြင်တရား ပြောင်းသွားလို့ မှတ်ပါ။(လောဘ၊ ဒေါသ၊ မောဟ၊ မာန)စသောတရားတွေလဲ လျော့နိုင်သမျှ လျော့နည်း သွားတော့၏။ ဒီလို စိတ်ဓာတ်တွေ ပြောင်းလဲသွားခြင်းဟာ ( လိင်္ဂအရိယာ ) ဘဝသို့ လှလှ ပပကြီး

ရောက်ရှိသွားခြင်းဘဲဟုဝမ်းသာပါ၊ ဝမ်းမြောက်ပါ၊ အားရပါ။ ကိုယ့်ကိုယ်ကို အသိဆုံးမှတ်သူများ မေးနေစရာမလိုပါဘူးယောဂီ။

ထို့ကြောင့် (လိင်္ဂအရိယာ)ပုထုဇဉ်နဂိုရ်အဟောင်းမှ ရှုခနစဉ် ခါတ်စုံတော့ ပြောင်းပြောင်း သွားကြသဖြင့် အပေါ် အပေါင်း တရားတမျိုးမြင်ပြီးတော့ အားကိုးချင်အောင် ကမ္မဋ္ဌာန်းစိတ်ဖြင့် တစခန်းချိတ်၍နေသော (လိင်္ဂအရိယာ) ကြီးသည်ရှင်း။

(လင်္ကာ)

## စိတ်ခါတ်ပြောင်းကာ၊ ခေါ်ဆိုကြ၊ လိင်္ဂအရိယာ။

သိ-ပယ်-ဆိုက်-ပွား၊ လေးပါးကိစ္စ၊ အပိုင်ရ၊ မုချပရမတ်အရ သိတော့ ရုပ်ခါတ်နဲ့ နာမ်ခါတ်အပေါ်မှာ ငါမရှိ၊ သူမရှိဟု ပယ် သွားတယ်။ အဲဒီလိုပယ်တော့မှ ဆိုက်ဆိုတဲ့ ပရမတ် ဆိုက်တယ်။ အဲ ဒီလို ပရမတ်အထိဆိုက်သွားတော့ (ဘာဝိတော ဗဟုလီကတော) အရ ပွားများ အားထုတ်ပါ၊ အားထုတ်တော့ (နိရောဓောနာမ နိဗ္ဗာနံ)အရ ရုပ်တရားချုပ်ပျောက်ရပ်စဲသွားတဲ့(နိဗ္ဗာန်)ကို အာရုံ ပြုလိုက်ရတဲ့ယောဂီဟာ (ပဋိဝေဓအရိယာ) ပုဂ္ဂိုလ်ကြီး ပါဘဲလို့ ဘုရားရှင်ကြီးများက ဘွဲ့တံဆိပ် ခပ်နှိပ် ခဲ့ပါတယ်။ ထို့ကြောင့် (ပဋိဝေဓအရိယာ)သောတာပန်ခရီးဆိုက်ရပါသဖြင့် ပြည်နိဗ္ဗာန် အပြီးတကယ် ပိုက်လှုံ့မှု စီးလိုက်ကြရသော (ပဋိဝေဓအရိယာ) ကြီးသည်ရှင်း။

(လင်္ကာ)

## နိဗ္ဗာန်အာရုံ၊ ကိစ္စပြီးဘိ၊ ယာအရိ၊ ပဋိဝေဓပေါ။

တေပုဒ်က (အာစာရအရိယာ) (ဒဿနအရိယာ) (လိင်္ဂအရိ ယာ) (ပဋိဝေဓအရိယာ)လေးမျိုးကို ပြသည်မှတ်။ (နိဗ္ဗာနပူရံ)

ပုဒ်က သန္တိသုခ အအေး မြဲဆုံး ဖြစ်တဲ့ (နိဗ္ဗာန်) ကို ပြသည်။ (နိဂစ္ဆန္တိ)ပုဒ်က ရောက်ကြရမည်-ရကြရမည် ဟု ပြနေတာ မှတ်လေ။ ထိုလေးမျိုးထဲမှာ (မဟာသောတာပန်)သာ ဆက်လက်ပြီး တက်သွားသည်။ စူဠ သောတာပန် ပုဂ္ဂိုလ်မှာ ယုံမှားမှု စင်ကြယ်လျက် (ကင်္ခါဝိတရဏာဝိသုဒ္ဓိ) မဆုတ်ယုတ် မပျက်စီးသူ သာလျှင် (ဂတိ)မြဲသည်။ ထို(စူဠသောတာပန်) စင်ကြယ်မှုသည် လောကီ (မဂ်)မျှသာရှိသေး၏။လောကုတ္တရာ(မဂ်)မဟုတ်သေး။ကမ္မဋ္ဌာန်းတိုက်တော့ကလဲ ပေါ်နေတော့ "ဒီတရား ဟုတ်မှဟုတ်ပါမလား" လို့ ယုံမှားမှု (ဝိစိကိစ္ဆာ) ဖြစ်နိုင်သေးတယ်။ ငါမဟုတ်တဲ့ ခေတ်ကာလာပ် အပေါ်မှာ အယူမှားမှု-အမြင်မှားမှု ဒိဋ္ဌိလဲ ဖြစ်နိုင်သေးတယ်၊ အဲဒီလို ဒိဋ္ဌိနဲ့ ဝိစိကိစ္ဆာ) တို့ကို ခိုင်မြဲစွာ ဖြစ်နေချိန်မှာ ဝိသုဒ္ဓိမဖြစ်သဖြင့် ဂတိမမြဲပေ။ထို့ကြောင့်(မဟာသောတာပန်)မှ (ရဟန္တာ)အထိ ဖြစ်နိုင်ချိန်တွင် အောက်တန်းက သောတာပန်လောက်ဘော့ကြီးစားသင့်ကြောင်း တိုက်တွန်းလိုက်ရသည်ဟူလို။

## သေမင်းစစ်သည်အလီလီကို ဤလက်နက်ကောင်းကြီးနှင့် ကာကွယ်တိုက်ခိုက်ကြကုန်လော့

လူ့နတ်ပြဟ္မာ သတ္တဝါအထပ်ထပ်၊ တိရစ္ဆာန်နှင့် ငရဲသူ-ငရဲသားပါမချန် အဘန်ဘန်သတ်ဖြတ် ဒလစ်နှိပ်စက်နေတဲ့ ရှင်သေမင်း တမန်တော်ရန်သူအပေါင်းကို အောက်ပါလက်နက်ကောင်းများနှင့် ဖြိုခွင်း၍ အတင်း တိုးထွက် နိုင်သော လက်နက်အစုကရေပြင်ပေါ်မှာ မိုးရွာချတော့ ခဏကလေးနဲ့ ပျက် စီး ချုပ် ဆုံးလုံးလုံးပျောက်ကွယ်တာကို တွေ့မြင်လိုက်ရသလို၊ ယောဂီရဲ့ ခန္ဓာကိုယ်ပေါ်မှာ ဖြစ်ပေါ်လာတဲ့ ရွရွ-ဖိန်းဖြန်း ကလေးတွေ ဉာဏ်မျက်စိနဲ့ မြင်အောင်ကြည့်။ ရေအိုင်စပ်မှာ တလျှပ်လျှပ်-တရိပ်ရိပ်

တံလျှပ် နိမိတ်တွေကို တွေ့ရ·မြင်ရသကဲ့သို့ ယောဂီရဲ့ ခန္ဓာကိုယ် ပေါ်မှာ တွေ့အောင်အားထုတ်ပြီး ဉာဏ်မျက်လုံးနဲ့ ပြုံးပြုံးကလေး ကြည့်လို့မြင်ရင် (သေမင်း) မမြင်ရတော့ဘူးတဲ့။ ယောဂီရဲ့ ခန္ဓာ ကိုယ်မှာရှာ၊ ဉာဏ်မျက်စိနဲ့ မြင်အောင်ကြည့်။

ယထာ ပုဗ္ဗုဠကံ ပဿေ၊ ယထာ ပဿေ မရီစိကံ။
ဧဝံ လောကံ အဝေက္ခန္တံ၊ မစ္စုရာဇာ န ပဿတိ။
(ဓမ္မပဒအဋ္ဌကထာ)

ဘိက္ခဝေ၊ သုံးဆယ့်တဘုံ အသေရုံကြီး အသီးသီး၌ အပြီး ကြောက်တတ် အို-သူမြတ်တို့။ ပုဗ္ဗုဠကံ၊ ရေပြင်ထက်တွင် ရေ ပွက်မြင်၍ ဖြစ်ကပျက်ကုန် မမြဲပုံကို အာရုံစိုက်လျက်။ ပဿေယ ယထာ၊ မံ-ဒိဗ်-ပြဟ္မာ့ သုံးဝစက္ခု အမြင်ရှုလျက် မြင်မှုသေချာ မြင်ကြရသကဲ့သို့ရင်း။ မရီစိကံ၊ အိုင်နားရေစပ် နေရှိန်ဟပ်သဖြင့် တလျှပ်လျှပ်-တရိပ်ရိပ် တံလျှပ်နိမိတ်တွေကို။ ပဿေယ ယထာ၊ မံ-ဒိဗ်-ပြဟ္မာ့ သုံးဝစက္ခု အမြင်ရှုလျက် မြင်မှုသေချာ တွေ့ကြ-မြင်ကြ တွေ့မြင်ကြရ သကဲ့သို့ရင်း။ ဧဝံတထာ၊ မြင်ရာမြင်မှု ထို နှစ်ခုကို မြင်မှုသေချာ ထိုနည်းအတူသာလျှင်။ လောကံ၊ ခန္ဓာ ကိုယ်မှ ဖြစ်ပျက်ကြသည့် ရှုရှုသဲသဲ အနဲနဲဖြင့် မစဲချုပ်ပြန် ရုပ်နှင့် နာမ်ကို။ အဝေက္ခန္တံ၊ သတိကိုစိုက် သမာဓိကိုပိုက်လျက် ထိခိုက် တွေ့ငြား ယောဂီများကို။ မစ္စုရာဇာ၊ သုံးဆယ့်တဘုံ အာဏာ ဟုန်ဖြင့် ဆွဲငင်နှင်းချ သေမင်း ဗာလသည်။ နပဿတိ၊ သူ့အာဏာ နယ်အတွင်းမှရုပ်နာမ်မြင်တကယ်ကင်းပါလိမ့်(ညြော်)ဘယ်သင်း ကိုမှ မမြင်နိုင်ပါတော့သတည်း။

## မဂ်ဖိုလ်နီးရာ ဒေသနာ

မြတ်စွာဘုရားက (ကောဝစနံ) ဘာခွန်းတည်းသောစကားကိုသာ မိန့်တော်မူလေ့ရှိတယ်။ အကြင်ပုဂ္ဂိုလ်ဟာ အသက်တရာ ကြာကြာကြီး နေသွားရစေ ကာမူ ရုပ်ပရမတ်စစ်စစ် နာမ်ပရမတ်စစ်စစ် ခန္ဓာကိုယ်ပေါ်က မတွေ့ရ၊ ဉာဏ်မျက်စိနှင့်မမြင်ရသေးက လူမြတ်-လူကျော် မဖြစ်ဒါ ထိုက်သေးပါဘူးတဲ့။ ရုပ်ပရမတ်စစ်စစ်, နာမ်ပရမတ်ႏစ်စစ်ကို ပညတ်ရုပ်နဲ့ ပရမတ်ရုပ်၊ ပရမတ်ရုပ်နဲ့ ပရမတ်နာမ်ကို ယနေ့တွေ့ပြီး ယနေ့ပင် သေရသော်လည်း ရုပ်ပရမတ်စစ်စစ်, နာမ်ပရမတ်စစ်စစ်ကို ခန္ဓာကိုယ်ပေါ်မှာ မတွေ့ရသေး၊ ခန္ဓာကိုယ်ပေါ်မှ တွေ့ပါသော်လည်း ဉာဏ်မျက်စိနဲ့ မမြင်ရသေးသောသူထက် ဆသက်ကထူးမြတ်လှ၍ (မဂ်-ဖိုလ်) ရဘို့ သေချာနေပါပြီတဲ့။ (ယောဂီ ဘယ်အမျိုးထဲကလဲ)။

(မဂ္ဂဝဂ်ဓမ္မပဒ၊ ပဋာစာရီဝတ္ထု)

---

ယော စ ဝဿသတံ ဇီဝေ၊ အပဿံ ဥဒယဗ္ဗယံ၊
ဧကာဟံ ဇီဝိတံ သေယျော၊ ပဿတော ဥဒယဗ္ဗယံ။

ယော စ၊ ရဟန်း, ရှင်, လူ မည်သူမဆို အကြင်ပုဂ္ဂိုလ်သည်ကား။ ဥဒယဗ္ဗယံ၊ ရုပ်နာမ်နှင့်စပ် ငါးရုပ်သောခန္ဓာတို့၏ ဖြစ်မှု-ပျက်မှု ဖြစ်ပျက်မှုကို။ အပဿံ-အပဿန္တော၊ တကြိမ်ဘခါမျှ သေသေချာချာ မတွေ့ရဘဲ။ ဝဿသတံ၊ အသက်တရာ ရှည်မြင့်စွာသော ကာလပတ်လုံး။ ဇီဝေ၊ လောဘတွေလှိုင်းထ-ဒေါသတွေလှိုင်းထ-မောဟတွေ လှိုင်းတပြီးတော့ ရိုင်းရိုင်းပြပြကြီး အသက်ရှင်၍နေငြားအံ့။ ယဋ္ဌသေယျော၊မှုအသစ်တွေ တကယ်မတိုးကြပါသဖြင့် လူ့ဖြစ်ကျိုးမနပ်၍ မမြတ်သေးသည် သာတည်း။ ဥဒယဗ္ဗယံ၊ ရုပ်

၉၇၉၅

နာမ်နှင့်စပ် ငါးရုပ်သောခန္ဓာတို့၏ ဖြစ်မှု-ပျက်မှု ဖြစ်ပျက်မှုကို။ ပဿန္တော-ပဿန္တဿ၊ တကြိမ်တခါမျှ သေသေချာချာ ခန္ဓာကိုယ်ပေါ်က တွေ့လိုက်ရ-မြင်လိုက်ရ ဘူးသောသူ၏။ ဧကာဟံ၊ တနေ့တရက် တမနက်မျှ။ ဇီဝိတံ၊ အသက်ရှင်သေ တည်နေရခြင်းသည်။ သေယျော၊ ဝိပဿနာဉာဏ် အမြင်သန်သူတို့နှင့် တွေ့ကမဂ်ရရန်နီးကပ်လှသဖြင့် မြတ်လှပေကောသတည်း။

ယောဂီ တရားအားသုတ်နေတယ်ဆို၊ ပရမတ်ဘုရားကို တိတိကျကျ မိမိရရ ပရမတ်ကျကျ မြင်တွေ့ ဖူးမြင် ရပြီလား။ ပရမတ်မကျရင် ဘုရားရှင်ကိုယ်တော်တိုင်က ရာဇဂြိုဟ်ပြည်သား ဝက္ကလိရဟန်းအား(အပေဟိ ဝက္ကလိ ကူမိနာ ပုတိကာ ယေန ဒိဋ္ဌေန)ပုဒ်အရဖြင့် နှင်ထုတ်လိုက်ခြင်းကို သတိပြုပါလေ။ ဝက္ကလိ၊ ဝက္ကလိရဟန်း။ ကူမိနာ ပုတိကာ ယေန၊ကျွဲ ငါ၏ခန္ဓာကိုယ်ရုပ် အကောင်ပုပ်ကြီးကို။ ဒိဋ္ဌေန၊ သင်ဖူးမျှော်မဝ ကြည့်ရှုကြည်ညိုနေကာမျှဖြင့်။ ကိံ၊ အဘယ်အကျိုးရှိအံ့နည်း၊ အပေဟိ၊ဖယ်သွားလိုက်ပါတော့တဲ့။ဒါ-ဘာပြုလို့ ဘုရားနှင်ရသလဲ၊ ဓာတ်-ကလာပ်-ပရမတ်ကို မကြည့်မရှု သတိမပြုတော့ ဘုရားအစစ် မမြင်မှာစိုးလို့ နှင်တာမှတ်။မုန်းလို့မဟုတ်ဘူး ခန္ဓေပဿ)အရ ယောဂီရဲ့ ခန္ဓာကိုယ်ပေါ်မှာ ကြည့်လို့ရတဲ့ ပရမတ်ဘုရား၊ ကလာပ်ဘုရား၊ ဓာတ်ဘုရားတွေတွေ့မှ ဉာဏ်မျက်စိနဲ့မြင်မှ ဘုရားအစစ်မြင်၏ဟူလို။

(ဓမ္မပဒ ဝက္ကလိဝတ္ထု)

---

ယောဟိ ပဿတိ သဒ္ဓမ္မံ၊ သောမံ ပဿတိ ပဏ္ဍိတော။
အပဿမာနော သဒ္ဓမ္မံ၊ မံပဿေပိ နပဿတိ။

ယော၊ ရဟန်း,ရှင်,လူ မည်သူမည်ဝါ မခွဲပါဘဲ အမြဲထာဝရ ဗုဒ္ဓဇယန္တိ နေကြတဲ့ပုဂ္ဂိုလ်အသီးသီး ငယ်,လတ် ကြီးသည်။ သဒ္ဓမ္မံ၊

ရုပ်နာမ်ဓမ္မ သင်္ခါရကို။ ပဿတိ၊ ကိုယ်တွေ့ တွေ့မြင်၏။ သော၊ ထို ရုပ်၊ နာမ်၊ ခန္ဓာ ခေတ်သစ္စာနှင့် ဆယ်နှစ်ဖြာ အာယတန ပရမတ္ထကို မုချကိုယ်တိုင် တွေ့သိနိုင်သော ပုဂ္ဂိုလ်သည်။ ပဏ္ဍိတော၊ ကဝိကဝိန် သုခမိန်ဟု နှုတ်မိန့်ခွန်းဟ အမိန့်တော်ရသဖြင့် ပဏ္ဍိတ အစစ်လည်း မည်ပါပေတော့၏။ မံ၊ ပရမတ်ဘုရား ခေတ်အသားမှို မှတ်သား လိုက်ရသော ဘုရားအစစ်ကို။ ပဿတိ၊ မုချကိုယ်ပိုင် တွေ့သိနိုင်ပေ၏။ သဒ္ဓမ္မံ၊ ရုပ်နာမ်ဓမ္မ သင်္ခါရတရားကို။ အပဿ မာနော၊ ကိုယ်တွေ့ ဉာဏ်တွေ့ စိတ်ပါ တွေ့မြင်ခြင်း မရှိသောသူသည်။ မံပဿမ္ပိ၊ ဝက္ကလိပမာ မြတ်ဗုဒ္ဓါကို သေချာစေ့စေ့ အပြတ် ပင် တွေ့နေ ဖူးနေ မြင်နေရ ငြားသော်လည်း။ နပဿတိ၊ ခေတ် ဘုရား ကလာပ်ဘုရား ပရမတ်ဘုရားကို အမှတ်ထားကာ မုချမပိုင် လေသောကြောင့် ဒိုက္ခလှိုင်လှိုင်ဖြင့် မသိမမြင်နိုင်တော့သတည်း။

(အတိုဆုံး-အရှင်းဆုံးဝိပဿနာ)

နိဗ္ဗာန်အစ ဖြစ်ပျက်က။
ဖြစ်ပျက်ဆုံးတာ နိဗ္ဗာန်။
သိပျက်ဆုံးတာ မဂ်ဉာဏ်။

---

## မြတ်စွာဘုရားပရိနိဗ္ဗာန်ဝင်စံကာနီး အရေးကြီးစွာ လိုရင်းထုတ်၍ အတိုချုပ် မိန့်တော်မူခဲ့သော

(ပစ္ဆိမဗုဒ္ဓဝစနာ)

ဟန္ဒဒါနိ ဘိက္ခဝေ၊ အာမန္တယာမိ ဝေါ။
ဝယဓမ္မာ သင်္ခါရာ၊ အပ္ပမာဒေန သမ္ပာဒေထ။

ဘိက္ခဝေ၊ နေ့ညဉ့်မပျက် နာရီစက်သို့ အသက်တွေတို ရုပ်တွေ အိုပေါ့ ပင်ကိုယ်ယိုယွင်း သေအသင်းတို့ အတင်းပြေးကာ ဝင်

လာနေကြ အိုသိဿတို့။ ဟန္ဒဒါနိ၊ သင်တို့ဆရာငါဘုရားမှာ မနေသာဘဲ သေရွာသို့အမှန် ပရိနိဗ္ဗာန် ယခုအမြန်သာလျှင် ဝင်စံကာနီး ဤယခုအခါကြီး၌။ ဝေါတုမှာကံ၊ မင်ကတသွယ်,ဖိုလ်ကတသီး နိဗ္ဗာန်ကိုတကယ်စီးမယ်ဟု ရည်ရွယ်ပြီးတောင်းတ ကြောင့် ကြပူဆွေး အငေးကြီးငေး၍နေကြကုန်သော အရိယာအလောင်းတပည့်အပေါင်းတို့အား။ အာမန္တယာမိ၊သင်တို့ဆရာ ငါဘုရားက သတ္တဝါအများ ငဲ့သနား၍ မှာကြားခဲ့ပေအံ့။ သင်္ခါရာ၊ အဝိဇ္ဇာအမှိခံသမျှ ရုပ်နာမ် ဖြစ်,ပျက်တွေ အမြင်မှန် မရကြသဖြင့် ငါးစန္ဓာ သင်္ခါရတို့သည်။ ဝယဓမ္မာ၊ စက္ကန့်မျှမဆိုင်း ပြိုပျက်ကာဘယာဝိုင်းလို့မို့ သေချင်သလိုသေ သူမနေဘဲ ထွေထွေချက်ခြင်းပျက်စီးခြင်းသို့ရောက်ကြလေ၏။ အပ္ပမာဒေန၊ သင်တို့ဆရာ ငါဘုရားက ပရိနိဗ္ဗာန် ဝင်စံကာနီး ဤရုပ်ဖြစ်ပျက် နာမ်သိပျက်ဆိုတဲ့တရားအစုကြီးကို ယနေ့ကစ သေနေ့ကျအောင်မမေ့မလျော့မပေါ့မဆသောသတိတရားဖြင့်။ သမ္ပာဒေထ၊ ကောင်းစွာ ကုံလုံပြည့်စုံစွာ နေရစ်ကြပါကုန်လော့။

**နိဂုံးခါးပါတ် အပြီးသတ် ကျမ်းမြတ်(ချိန်ခွင်)လျှာ**

**ပြီး ပြီ။**

# နောက်ဆက်တွဲ

## အရှင်သာရိပုတ္တရာမထေရ်ကြီး ကမ္မဋ္ဌာန်းပေးမှားပုံ

အလွန် အဆင်းလှတဲ့ ရွှေပန်းတိမ်သည် သားဟာ ရှင်သာရိပုတ္တရာမထေရ်အထံမှာ ရဟန်းပြုတယ်၊ ရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီး စိတ်တော်က အရွယ်ငယ်သော ပုဂ္ဂိုလ်များအား ရာဂဖြစ်တာများတယ်လို့ ကြံပြီးတော့ ထိုရဟန်းငယ်အား ရာဂ ပယ်ဖျောက်နိုင်ပါစေလို့(အသုဘကမ္မဋ္ဌာန်း)ကိုပေးတယ်။ ရဟန်းငယ်က ဆရာဥပဇ္ဈာယ်ပေးတဲ့ အသုဘကမ္မဋ္ဌာန်းကို တောထဲမှာနေပြီး ဝါတွင်းသုံးလတို့ပတ်လုံး ကြိုးစား အားထုတ် လိုက်တာ အသုဘကမ္မဋ္ဌာန်းထင်ဘို့မပြောနဲ့တော့ စိတ်ကလေးဘောင်တည်ငြိမ်မှုမရဘူးတဲ့။ တဖန် အရှင်သာရိပုတ္တရာအထံကိုဘဲပြန်လာတယ်။ အရှင်သာရိပုတ္တရာ အရှင်မြတ်ကြီးက "ငါ့ရှင်-အသုဘကမ္မဋ္ဌာန်း ထင်မြင်ရဲ့လား" လို့မေးတော့၊ အသုဘကမ္မဋ္ဌာန်း မထင်ရုံမက စိတ်တောင် မတည်ကြောင်းလျှောက်ထားတယ်။ တပည့်ရဟန်းအား ကမ္မဋ္ဌာန်းဟာ မပြည့်စုံသေးဟုဆိုကာ နောက်ထပ်တဖန် အသုဘကမ္မဋ္ဌာန်းကိုဘဲ ကောင်းစွာပြုပြင်ပြီး ပေးလိုက်ပြန်တယ်။ ရဟန်းငယ်ဟာ နှစ်ကြိမ်မြောက်လဲ တရားအထူးမတွေ့ စိတ်တည်ငြိမ်မှုမရဘဲပြန်လာပြီး အရှင်သာရိပုတ္တရာမထေရ်အား လျှောက်ထားပြန်တယ်။အရှင်သာရိပုတ္တရာ မထေရ်ကြီးကလဲ ဥပမာ အမျိုးမျိုးအကြောင်းပြပြီး အသုဘကမ္မဋ္ဌာန်းဘဲ ဟောကြားပြန်တယ်။ ထိုရဟန်းငယ်သည် တဖန် ပြန်လာပြီး ကမ္မဋ္ဌာန်း မထင်ကြောင်းလျှောက်တော့၊ အရှင်သာရိပုတ္တရာ မထေရ် မြတ်က ကမ္မဋ္ဌာန်းစီးဖြန်းသူများဟာ (ကာမစ္ဆန္ဒ)ကာမစိတ်ရှိသည်ကိုရင်း၊မရှိသည်ကိုရင်း သိတတ်ကြပါတယ်။ (ဤအချက် ကွက်ကွက် မြင်အောင်

ကြည့် ယောဂီ)။ လက်ျာရံ အရှင်သာရိပုတ္တရာ ရဟန္တာ အစစ် ဖြစ်ကြီးဖြစ်သောပုဂ္ဂိုလ်သည် ရဟန်းငယ်၏ (အဇ္ဈာသယ) အလို ဆန္ဒပသိဘဲ(နှစ်လင်္ကာမအရိုင်းပေါက်ထဲကို သုံးလက်မလေးသောင့် တုံး ရိုက်ထည့်နေသို ဝင်ပါ့မလား ယောဂီ၊ စဉ်းစားပါလေ)။ အချိုးမကျဖြစ်နေဟာဉာဏ်တွေကိုယောက်ချင့်၍သိနိုင်၏။ မဒ္ဒူပင် ဦးကျော်ခင်ဟာ နှစ်လကျော်မျှ အားထုတ်သော်လည်း သဘော မပေါက်ဘဲပြန်သွားရတယ်။ ခန္ဓာမှာအတွေ့သွားဘဲ၊စရိုက်မကိုက် ဖြစ်လိမ့်မည်ထင်မ်း။

ဤအသုဘကမ္မဋ္ဌာန်းဖြင့် တရားထူးမတွေ့ဘဲ ရဟန်းငယ်ကို မြတ်စွာဘုရားထံ ခေါ်ဆောင်သွားပြီး တရားပြပုံ အလုံးစုံနှင့် တရားထူး မတွေ့တဲ့ အကြောင်း လျှောက်ထား သော ကြောင့် မြတ်စွာဘုရားက ယခုဘဝမှာလဲ ရွှေပန်းတိမ်အမျိုးမှ ထွက်ပြီးပြုခြင်း၊ နောက်ဖြစ်ခဲ့သော ဘဝငါးရာပတ်လုံး ရွှေပန်းတိမ်သည် ဘဝနှင့် အသက်မွေးခဲ့ဘဖြင့် ရွှေနီကိုသာ ပြုပြင်သောကြောင့် အသုဘကမ္မဋ္ဌာန်းဖြင့် မသင့်မလျော်ဟု ကြံဆသော်မူပြီး နှစ်သက် ဘွယ်သောကမ္မဋ္ဌာန်းနဲ့သာ သင့်လျော်လျောက်ပတ်တယ်ဟုကြံဆ ပြီး "ချစ်သားသာရိပုတ္တရာ၊ သင်ဟာ မသင့်တဲ့အသုဘကမ္မဋ္ဌာန်း ဖြင့် လေးလတို့ပတ်လုံး ပင်ပန်းအောင် ပြုနေတဲ့ ရဟန်းငယ်အား ညနေချမ်းအခါ အရဟတ္တဖိုလ်ရောက်တာကို သင်မြင်ရမယ်၊ သင် သွားတော့"ဟု ရှင်သာရိပုတ္တရာကို လွှတ်လိုက်ပြီး လှည်းဘီးပမာန ပဒုမ္မာကြာပန်းကြီးဘန်ဆင်းပြီးတော့ ရဟန်းငယ်အား ပေးလိုက် တယ်၊ ကျောင်းအစွန်နား သဲပုံမှာစိုက်ထားပါတဲ့။ စိုက်ပြီးတော့ ရွှေတည့်တည့်မှာ တင်ပလ္လင်ခွေထိုင်ပြီး (လောဟိတကံ-လောဟိ တကံ) နီနေတဲ့အဆင်းကြီးဘဲ၊ နီနေတဲ့အဆင်းကြီးဘဲလို့ ကသိုဏ်း ပရိကံကိုပြုခိုင်းလိုက်တယ်။ ဘုရားထံမှ ကြာပွင့်ကိုရတော့ ရဟန်း

ငယ်ကလေး စိတ်ကြည်လင်သွားတယ်၊ ဘုရားအမိန့်အတိုင်း သဲပုံမှာ စိုက်ပြီး ရှေ့တည့်တည့်မှ တင်ပလ္လင်ခွေ ဆိုင်လျက် (လောဟိတကံ-လောဟိတကံ)နီနေတာဘဲ၊နီနေတာဘဲလို့ အားထုတ်တော့ နီဝရဏတရားတွေ ကွာသွားပြီး ပဌမစျာန်မှ စတုတ္ထစျာန်အထိ တက်သွားတယ်။ ဘုရားရှင်ကြီးက ရဟန်းငယ် အလိုအလျောက် မိမိသဘောအားဖြင့် (မဂ်-ဖိုလ်)အထူးကိုတက်နိုင်မလား၊ မတက်နိုင်ဘူးလားဆိုတာ ကြည့်တော့ မတက်နိုင်ကြောင်း သိရတော့၊ ပဒုမ္မာကြာပန်းကြီးဟာ ညှိုးပါစေသတည်းလို့ ဓိဋ္ဌာန်လိုက်တယ်။ ဒီတော့ ပဒုမ္မာကြာပန်းကြီးဟာ လက်နဲ့ ဆုပ်နယ်လိုက်သလို ညှိုးနွမ်းသွားတယ်။ ရဟန်းငယ်က စျာန်မှထ၍ ကြာပန်းကို ကြည့်ပြီးတော့ ကြာပန်းကြီးလှတဲ့သဘောမှ မလှတော့ဘူး၊ ကြာပန်းလိုဘဲ ငါ့ရဲ့ခန္ဓာကိုယ်ဟာလဲ အိုရမှာဘဲ၊ သေရမှာဘဲလို့ အနိစ္စလက္ခဏာတရားကို ဉာဏ်ထဲမှာပေါ်လာတယ်။ (ကေသ္မိံ ဒိဋ္ဌေ ဣတရဒ္ဓယံ ဒိဋ္ဌေ မေဝ ဟောတိ) အနိစ္စလက္ခဏာကိုမြင်ရင် ဒုက္ခလက္ခဏာနဲ့ အနတ္တလက္ခဏာကို မြင်တယ်လို့ ပြသည်။

အဲဒီ ရဟန်းငယ်ကလေးရဲ့ စိတ်ထဲမှာ ကာမ-ရူပ-အရူပ ဆိုတဲ့ ဘဝသုံးပါးကို မီးတောက်ကြီးကဲ့သို့ဘဲ၊ လည်ပင်းမှာ ဆွဲထားတဲ့ အကောင်ပုပ်ကြီး လိုဘဲလို့ ထင်မြင်လာချိန် ကလေးမှာဘဲ မနီးမဝေး ရေအိုင်ထဲက ကုမုဒြာကြာကိုချိုးပြီးတော့ ကုန်းပေါ်မှာ စုထားတယ်၊ ထိုရဟန်းငယ်ကလေးဟာ ကုန်းပေါ်က ကြာပန်းအစုနဲ့ ရေထဲကကြာပန်းတို့ကို တလှည့်စီကြည့်လိုက်တော့ ရေထဲမှာရှိတဲ့ ကြာပန်းတွေဟာ လန်းစွာလှပတယ်၊ ကုန်းပေါ်က ကြာအစုဟာ အဖျားတွေ တဖြည်းဖြည်း ညှိုးနွမ်း လာပါကလားလို့ ဉာဏ်ဝမှာထင်လာတယ်၊ကြာပန်းတွေတောင်လန်းရာကညှိုးသွားသေးတယ်၊ငါ့ရဲ့ခန္ဓာကိုယ်ကြီးဟာလဲ ဘယ်မှာ မအို-မနာ-မသေဘဲ

ရှိနိုင်ပါ့မလဲလို့ လွန်သည်ထက် လွန်သော အနိစ္စလက္ခဏာ၊ ဒုက္ခလက္ခဏာ၊ အနတ္တလက္ခဏာတို့ကိုမြင်လာတယ်။ ဒီတော့-မြတ်စွာဘုရားက ဒီရဟန်းငယ်ကလေးတော့ ကမ္မဋ္ဌာန်းတရား ထင်ရှားစွာမြင်ပြီဟုသိတော့ ဂန္ဓကုဋိမှနေပြီးတော့ ရောင်ခြည်တော်ကိုလွှတ်လိုက်ဘယ်။ ဒီတော့ ရဟန်းငယ်ရဲ့မျက်နှာကို ထိခတ်မိဘာပေါ့။ ဒီအရောင်တွေဟာ ဘာတွေပါလိမ့်လို့ကြည့်နေတုန်း အရောင်ထဲမှာ ဘုရားသခင်ကြွလာတော်မူသလိုဖြစ်သွားတယ်။ ဒါနဲ့ ရဟန်းငယ်ကလေးက ထိုင်ပြီး ရှိခိုးနေ လိုက်တာပေါ့။ အဲဒီလို ရှိခိုးနေတော့မှ ဘုရားရှင်ကြီးဟာ အောက်ပါ ဂါထာနဲ့ တရားပြလိုက်တယ်။

ဥစ္ဆိန္ဒ သိနေဟ မတ္တနော၊ ကုမုဒံ သာရဒိကံဝ ပါဏိနာ။
သန္တိမဂ္ဂမေဝ ဗြူဟယ၊ နိဗ္ဗာနံ သုဂတေန ဒေသိတံ။

(ဓမ္မပဒ-မဂ္ဂဝဂ်)

သာရဒိကံ၊ တန်ဆောင်မုန်းလ၌ ပွင့်သော။ ကုမုဒံ၊ ကုမုဒြာကြာကို။ ပါဏိနာ၊ လက်ဖြင့်။ ဆိန္ဒတိဣဝ၊ ဖြတ်လိုက်သလို။ အတ္တနော၊မိမိ၏။ သိနေဟံ၊ချစ်နေတဲ့တဏှာကို။ ဥစ္ဆိန္ဒ၊အရဟတ္တမဂ်ဉာဏ်နှင့်ဖြတ်လိုက်ပါတဲ့။ နိဗ္ဗာနံ၊ သန္တိသုခခေါ် ဆိုရတဲ့နိဗ္ဗာန်ကို။ သုဂတေန၊ ငါဘုရားသည်။ (ဒေသိတံ၊) ဟောနေပါတယ်။ (သန္တိမဂ္ဂမေဝ၊) နိဗ္ဗာန်ကိုရောက်စေတဲ့ မဂ္ဂင်ရှစ်ပါးကိုသာလျှင်။ (ဗြူဟယ၊) တိုး၍တိုး၍ ကျင့်ကြံပါတဲ့။ အရှင်းသားဘဲ။ ဘုရားဟောက ရှင်းပါတယ်။ သီလမဂ္ဂင် - သမာဓိမဂ္ဂင် - ပညာမဂ္ဂင်ပါဘဲ။

| | | |
|---|---|---|
| သီလမဂ္ဂင် | သမ္မာဝါစာ | =ကောင်းသောစကားကို ပြောဆိုခြင်း |
| | သမ္မာကမ္မန္တ | =ကောင်းသောအမှုကိုပြုလုပ်ခြင်း။ |
| | သမ္မာအာဇီဝ | =ကောင်းသော အသက်မွေးမှုပြုခြင်း။ |
| သမာဓိမဂ္ဂင် | သမ္မာဝါယမ | =ကောင်းစွာအားထုတ်ခြင်း။ |
| | သမ္မာသတိ | =ကောင်းစွာသတိထားခြင်း။ |
| | သမ္မာသမာဓိ | =ကောင်းစွာတည်ကြည်ခြင်း။ |
| ပညာမဂ္ဂင် | သမ္မာဒိဋ္ဌိ | =ကောင်းသောအယူရှိခြင်း။ |
| | သမ္မာသင်္ကပ္ပ | =ကောင်းစွာကြံစည်ခြင်း။ |

အထက်ပါ အရှင်သာရိပုတ္တရာ ရဟန္တာ အစစ်ကြီးတောင် ကမ္မဋ္ဌာန်းပေး မှားဘူးသည်ကို သတိပြု၍ ငါ ပြတာမှ အမှန်ဟု မယူဆသင့်ကြောင်း တင်ပြလိုက်ရပေ၏။ တရားအားထုတ်သော ယောဂီ၏ အဇ္ဈာသယအလိုကျ သဘောပေါက်မှ မှန်ကန် တိကျသော တရားဖြစ်သည်ဟူလို။

အောက်ဖော်ပြပါ ဘုရားဟောအရ၊ မိမိကိုယ်တိုင် ကျင့်ကြံ အားထုတ်ပြီးမှ တပည့်များအား ပြသ ဆုံးမသင့်ကြောင်း သတိ ပေး နှိုးဆော်လိုက်ရပေ၏။

အတ္တာနမေဝ ပဌမံ၊ ပတိရူပေ နိဝေသယေ။
အထည မနုသာသေယျ၊ နကိလိဿေယျ ပဏ္ဍိတော။

ပဏ္ဍိတော၊ ကြောင်းကျိုးမြင်သိ ပညာရှိ သူတော်ကောင်း သည်။ ပဌမံ၊ ရှေးဦးစွာ။ အတ္တာနမေ၊ မိမိကိုယ်တိုင် ပိုင်ပိုင်ရရှိ သည်ကိုသာလျှင်။ ပတိရူပေ၊ သင့်လျော်လျောက်ပတ် ကောင်း မြတ်သော တရားအကျင့်၌။ နိဝေသယေ၊ ကျင့်ကြံ ကြိုးကုတ် အားထုတ်ရာ၏။ အထ၊ ထိုသို့ မိမိကျင့်ကြံ အားထုတ်ပြီးမှ။ အညံ၊

အားထားရောက်လာ မျှားသတ္တဝါကို။ ဒုန္နိသာသေယျ၊ ဆုံးမ ဟောကြား ပြသရာ၏။ နကိလ်သေယျ၊ မပင်ပန်း မန္ဒမ်းနယ်စေရာသတည်း။

(လင်္ကာ)

လည်သောဘုရား၊ ဟောပြောကြား၊ဘုရားမကြိုက်ပါ၊
ဘုရားမကြိုက်၊ ထိုလုမိုက်၊ ဝိတ်၌ ရှောင်ရှားပါ။
စေတီလေးပါး၊ ဆည်းကပ်ငြား၊ တရားမရပါ၊
တရားမရ၊ ကုသိုလ်ချ၊ ဘဝမပြတ်ပါ။
ဘဝမပြတ်၊ ချားနှုတ်၊ မှတ်ပါပဋိစ္စာ၊
နောက်ဆက်တွဲပြု၊ ဤဝဋ္ဋ၊ ကြည့်ရှုဝေဘန်ပါ။ ။

ပြီးပြီ။

## မဟာရန်ကုန်၊ ပြည်လမ်း-ကိုးမိုင် ဗုဒ္ဓဝါဒီ-မဟာထေရ်အား တရားတောင်းရန်

ဗုဒ္ဓဝါဒီတိ ဝိဟာရံ၊ သပ္ပုရိသေဟိ မာပိတံ။
သိယာနံ မေတ္တာစိတ္တေန၊ ဓမ္မံ ဒေသေတု နာယကာ။

(သပ္ပုရိသေဟိ၊) ဖြစ်လား ပျက်လား သင်္ခါရ တရားတို့၏ လှည့်စားရာမှန် လောကဓံကို ဖန်ဖန်ခါခါ ငြီးငွေ့ပါ၍ ဝဋ်မှ ထွက်ကြောင်း (မဂ်)လမ်းကောင်းကို ရှာမှီးလေ့ ရှိကြကုန်သော သူတော်ကောင်းအပေါင်းတို့သည်။ (မာပိတံ၊) စေတနာသုံးတန် အရင်းခံ၍ ထက်သန်သဒ္ဓါ ကြည်လင်စွာဖြင့် ဖွေရှာအားထုတ် ဆောက်လုပ်လှူဒါန်းအပ်ပေသော (ဗုဒ္ဓဝါဒီတိ၊) ဘုရားမြတ်စွာ စီရင်ဘောညျာ၏ ဒေသနာဓမ္မ ကိုက်ညီမျှအောင် ဝေါဟာရ ပညတ် သမုတ်အပ်သည်ဖြစ်၍။ ဗုဒ္ဓဝါဒီ ဗုဒ္ဓဝါဒီဟု မည်ထူးနာမ ဝိသေသ သညာ ခေါ်ရာလည်း ဖြစ်ပေထသော။ (ဝိဟာရံ၊)သီလ-သမာဓိ ပညာရှိများ လေးပါးဣရိယာ မျှဘကာဖြင့် ကောင်းစွာမသွေ သီတင်းသုံးရာ ကျောင်းတော်သာ၏၊ (နာယကာ၊) ရှေ့ဆောင် လမ်းပြ ဓမ္မအရှင် လွန်ကြည်လင်သည့် အရှင်မြတ်ဘုရား။ (ဝါ) (နာယကာ၊)သုတ္တန်အဘိဓမ္မာ နည်းဖြာဖြာဖြင့် ဝေဘန်ပိုင်းခြား ရုပ်တရား-နာမ်တရား- ဓာတ်တရား- ကလာပ်တရား- ပရမတ်တရား အမြတ်စားတွေကို မှတ်သားစေရန် ရည်သန်ကာ စိတ်ထားဖြင့် ဟောကြားညွှန်ပြ ဆုံးမတော် မူတတ်သောကြောင့် ကိုယ်တွေ့ အဘိဓမ္မာ ဝိပဿနာ ဓမ္မာထိကဟု ဂုဏ်ထူးနာမ ဝိသေသကို ရဘော်မူသော အရှင်မြတ်ဘုရား။ (အယျော၊) မေတ္တာဂရုဏာ အစဉ်ပွားသည့် အရှင်ဘုရား။ (ဝါ) သိမှတ်စရာ ဝိပဿနာ ဉာဏ်စဉ်တက်လမ်း ကိုယ်တွေ့အဘိဓမ္မာ ဓာတ်ကမ္မဋ္ဌာန်းထွေထွေ

ဘာဝနာဆိုတဲ့ လုပ်ငန်းစဉ်တွေကို ပိုင်ပိုင်သသ သိနိုင်-ထင်နိုင်-မြင်နိုင် ရအောင် ဟောပြတော် မူပေသော အရှင်မြတ် ဘုရား။ (သိဿာနံ၊) တရားတော်နာ စုံညီဖြာလျက် ကြည်သာ ရှင်ပျ တပည့်ဒါယကာ-ဒါယိကာမအပေါင်း သူတော်ကောင်းတို့အား။ (မေတ္တာစိတ္တေန၊) ငါးရာ့နှစ်ဆယ် ရှစ်သွယ်မေတ္တာ ကိုယ်နှင့်မခြား အတူထား၍ သနားယိုဖိတ် မေတ္တာတည်းဟူသောစိတ်ဖြင့်။ (ဓမ္မံ၊) သူမရှိ-ငါမရှိ အမှန်ရှိတဲ့ သန္တိတွင်ခေါ် နိဗ္ဗာန်ရောက်မည့် တရားတော်ကို။ (ဝါ) အတွေးပူ-အဆွေးပူ ဖေးကူလို့မရအောင် ကမ္ဘာ့ကမ္ဘာက အဆွေးနာ-အပူနာ ဟူသမျှတွေကို အေးငြိမ်းရာမှန် နိဗ္ဗာန်ရောက်မည့် တရားတော်ကို။ (ဒေသေတု၊) လေးဆူသစ္စာ ရခွင့်သာအောင် ကျင့်ရာတရား အစားစားကို အားထားဘိုရာ သနားစွာဖြင့် ကိုယ်တွေ့အဘိဓမ္မာ ဝိပဿနာ မြတ်တရားကို ဟောကြားညွှန်ပြ ဆိုဆုံးမတော်မူပါ ( ဓမ္မကထိက ) အကျော်ဗုဒ္ဓဝါဒီ-မဟာထေရ် အရှင်သူမြတ်ကြီးဘုရား။

### အောက်ပါလင်္ကာများကို တဦးကတိုင်ပြီး အများကလိုက်ဆိုရန်

ဗုဒ္ဓမြတ်စွာ၊သာသနာ၊ရောင်ဝါနေသို့ လင်းပါစေ။ ၂ခေါက်။
ဝိပဿနာ၊ သာသနာ၊ ကမ္ဘာမြေသို့ နှံ့ပါစေ။ ၂-ခေါက်။
ဒို့များဆရာ၊ ပို့မေတ္တာ၊ သတ္တဝါအများ ရပါစေ။ ၂-ခေါက်။

(အများစု၍ သာဓု သုံးကြိမ်ခေါ်)

ဘာသာရေးဆိုင်ရာစာမူ ပုံနှိပ်ထုတ်ဝေခွင့်အမှတ် (၅၁၄၁)
ဖြင့်၊ (ဦးတေဇနိယ) ကိုးမိုင်-ပြည်လမ်း၊ သမိုင်းစာတိုက်
ဇုဒ္ဓဝါဒီကျောင်း ရန်ကုန်မြို့ မှ ထုတ်ဝေ၍
ရန်ကုန်မြို့ မောင်ထော်လေးလမ်း အမှတ်-၂၀၅
စိုးဘာသာပုံနှိပ်တိုက် မြဲ(၀၂၉၄) ဦးစိုးမြင့် က ရိုက်နှိပ်သည်။